
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

# ရာခပ်နှင့်သူလျှိုများ 3.05

## ယောရှုမှတ်စာ ၂

ဘုရားသခင်ဟာ သူ့လူမျိုးတော်တွေဖြစ်တဲ့ဣသရေလလူမျိုးတွေကို အီဂျစ်ပြည်ကနေ ကတိတော်မြေခါနန်ပြည်ကို ဦးဆောင်သွားဖို့ မောရှေကို ပြောပါတယ်။ ခါနန်ပြည်အနားကိုရောက်လာတဲ့အခါ နယ်မြေကိုစူးစမ်းဖို့ သူလျှိုတစ်ဆယ့်နှစ်ယောက်ကို မောရှေစေလွှတ် ခဲ့တယ်။ သူလျှိုနှစ်ယောက်ဖြစ်တဲ့ယောရှုနဲ့ကာလက်က နယ်မြေဟာအရမ်းကောင်းတဲ့အတွက် ဣသရေလလူမျိုးတွေအနေနဲ့ သွားတိုက်ရအောင်လို့ ပြောပါတယ်။ ဘုရားသခင်က ကတိပေးထားတဲ့အတွက် သူတို့ကိုအောင်မြင်ဖို့လည်း ဘုရားသခင်က ကူညီလိမ့် မယ်လို့ သူတို့ကမောရှေကို ပြောတယ်။ ဒါပေမယ့်အခြားသူလျှိုဆယ်ယောက်ကတော့ကြောက်ကြတယ်။ သူတို့တွေနဲ့တိုက်ကြရင် ရှုံးမှာပဲလို့ လူတွေကို သူတို့ကပြောကြတယ်။ လူတွေလည်း ကြောက်ကြတယ်။ ဘုရားသခင်ကတိပေးထားတဲ့အရာကို သူတို့မယုံကြည် ကြဘူး။ သူတို့ရဲ့သံသယစိတ်တွေကြောင့် ဘုရားသခင်ဟာသူတို့ကို နှစ်ပေါင်းလေးဆယ်ကြာ ကန္တာရထဲလှည့်လည်စေခဲ့ပါတယ်။

နှစ်ပေါင်းများစွာကြာပြီးနောက်မှာတော့ သူတို့ဟာခါနန်ပြည်အနားကို ပြန်ရောက်လာကြပြန်တယ်။ မောရှေဟာ အသက်တစ်ရာ့နှစ် ဆယ်ပြည့်ခဲ့ပြီ။ သူသေရမယ့်အချိန်ရောက်လာပြီ။ မောရှေအတွက်ကြောင့် ဣသရေလလူမျိုးတွေငိုကြွေးကြတယ်။ ကတိတော်နယ်မြေ ကိုသွားတဲ့လမ်းရဲ့ကျန်တဲ့အပိုင်းကို ဦးဆောင်ဖို့ ယောရှုကိုဘုရားသခင်ကပြောတယ်။ “သင်နဲ့ငါအတူရှိမယ်” လို့ဘုရားသခင်ပြော တယ်။ “သင့်ကိုမစွန့်ပစ်ဘူး။ သင့်ကိုခွန်အားနဲ့အစွမ်းပေးမယ်။ သင့်ခြေလှမ်းတိုင်းမှာ သင်နဲ့အတူငါရှိမယ်။”

လူတွေဟာ မောရှေကိုရိုသေသလိုယောရှုစကားကိုလည်း နားထောင်ကြတယ်။ “သင်ပြောတဲ့အတိုင်း ကျွန်ုပ်တို့လုပ်မယ်။ သင်စေခိုင်း တဲ့နေရာကျွန်ုပ်တို့သွားပါမယ်” လို့သူတို့ပြောကြတယ်။

ခါနန်ပြည်မှာရှိတဲ့ယေရိခေါမြို့ကို စူးစမ်းဖို့အတွက် သူလျှိုနှစ်ယောက်ကို ယောရှုစေလွှတ်ခဲ့တယ်။ ဘုရားသခင်ရဲ့နိမိတ်လက္ခဏာနဲ့ သူ့လူမျိုးတော်ကိုပို့ဆောင်နေတာကို ယေရိခေါမြို့သားတွေက ကြားသိပြီးသားဖြစ်တယ်။ အီဂျစ်ပြည်ကရန်သူတွေရဲ့လက်ကလွတ်ဖို့ ပင်လယ်ကိုနှစ်ခြမ်းခွဲပေးခဲ့တာ သူတို့ကြားဖူးကြတယ်။ အဲဒီလူတွေဟာ ယေရိခေါမြို့ကိုမကြာခင်သိမ်းယူကြမှာတွေးပြီး သူတို့တွေ ကြောက်ရွံ့နေကြတယ်။

ရာခပ်လို့ခေါ်တဲ့အမျိုးသမီးတစ်ယောက်ဟာ ယေရိခေါမြို့မှာ အိမ်တစ်လုံးရှိတယ်။ သူလျှိုတွေဟာ သူမရဲ့အိမ်ကိုရောက်လာကြပြီး ညအိပ်ခဲ့ကြတယ်။ ရှင်ဘုရင်ဟာ သတင်းပေးသူကို ရာခပ်ဆီ စေလွှတ်ခဲ့တယ်။ “သင့်အိမ်မှာ ညအိပ်သွားတဲ့လူနှစ်ယောက်ကို ထုတ် ပေးပါ။ သူတို့ဟာ သူလျှိုတွေဖြစ်ပြီး၊ ငါတို့တနိုင်ငံလုံးကို စူးစမ်းကြတဲ့သူတွေဖြစ်တယ်။”

ဘုရားသခင်ဟာ ဣသရေလလူမျိုးတွေကို ခါနန်ပြည်ပေးတော့မယ်လို့ ရာခပ်ကယုံကြည်တယ်။ သူမဟာ အိမ်အမိုးကောက်ရိုးတွေ အောက်မှာ သူလျှိုနှစ်ယောက်ကို ဖွက်ထားပေးခဲ့တယ်။ “ဟုတ်တယ် ညတုန်းကလူနှစ်ယောက်အိမ်မှာလာတည်းသွားတယ်။ ဒါပေမယ့် သူတို့ဘယ်ကလာကြတယ်ဆိုတာကျွန်မ မသိဘူး။ ညမှောင်စပျိုးချိန်မှာပဲ သူတိုတွေထွက်သွားကြတယ်။ သူတို့ဘယ်ကို ထွက်သွား တယ်ဆိုတာလည်း ကျွန်မမသိဘူး” လို့ ဘုရင်ကိုသူမပြန်ပြောခဲ့တယ်။ ဘုရင့်စစ်သားအချို့ဟာ လူနှစ်ယောက်ကိုတွေ့လိုတွေ့ငြား လမ်းပေါ်မှာလိုက်ရှာကြပါသေးတယ်။

ရာခပ်ဟာ ခေါင်မိုးပေါ်ကသူလျှိုနှစ်ယောက်ဆီသွားတယ်။ “သင်တို့ရဲ့ဘုရားအကြောင်းကို ငါတို့အားလုံးသိကြတယ်” လို့သူတို့ကို သူမပြောတယ်။ “သူဟာ အထက်မိုးကောင်းကင်နဲ့အောက်အရပ်မြေကြီးရဲ့ဘုရားရှင်ဖြစ်တယ်။ သင့်ဘုရားသခင်ရဲ့နာမအားဖြင့် ငါ့ကို ကတိပေးပါ။ သင်တို့ကို ရှာတဲ့သူတွေလက်ကဖွက်ထားပေးသလို၊ ကျေးဇူးပြုပြီးငါ့မိသားစုကိုလည်း ကယ်တင်ပေးပါ။ ယေရိခေါမြို့ ကို သိမ်းပိုက်ဖို့လာတဲ့အချိန်မှာလည်း ငါ့မိသားစုတွေကို ပြန်ကယ်တင်ပေးပါ။” “ငါတို့ ထွက်ပြေးဖို့အသုံးပြုတဲ့ပြတင်းပေါက်ကနေ ကြိုးနီတစ်ချောင်းကိုချထားပါ။ အဲဒီကြိုးနီချထားတာကို မြင်ရင် သင့်မိသားစုအားလုံးကို ကယ်တင်ပေးမယ်” လို့ သူမကိုသူလျှိုတွေက ပြန်ပြောခဲ့တယ်။

သူတို့ပြန်သွားကြပြီး၊ ယောရှုဆီကိုပြန်ရောက်တဲ့အခါ “ဘုရားသခင်က တိုင်းပြည်တခုလုံး ငါတို့ကိုပေးပြီ၊ ငါတို့ကို အားလုံးကကြောက် နေကြပြီ” လို့ သူ့ကိုသူတို့ပြန်ပြောပြတယ်။

ဣသရေလလူမျိုးတွေ ယေရိခေါမြို့ကိုသိမ်းပိုက်တဲ့အခါ ရာခပ်နဲ့သူ့မိသားစုကိုကယ်တင်ဖို့ ယောရှုအမိန့်ပေးတယ်။ ဘာကြောင့်လဲ ဆိုတော့ ဣသရေလသူလျှိုတွေကို သူမဟာသစ္စာရှိစွာ ဖွက်ထားပေးလို့ဖြစ်တယ်။ ဒါဟာလည်း စိတ်လှုပ်ရှားစရာကောင်းတဲ့ အကြောင်းအရာ ဖြစ်တယ်။

## ရာခပ်နှင့်သူလျှိုများ - ဆရာလမ်းညွှန် 3.05

**ယောရှုမှတ်စာ ၂**

### အဓိကအချက်များ

၁) မောရှေသေပြီးနောက်မှာ ဣသရေလလူမျိုးတွေကို ကတိတော်မြေဆီဆက်လက်ဦးဆောင်ဖို့ ဘုရားသခင်က ယောရှုကိုပြောတယ်။ ယေရိခေါမြို့ကိုစူးစမ်းဖို့အတွက် သူလျှိုနှစ်ယောက်ကို ယောရှုစေလွှတ်ခဲ့တယ်။

၂) သူလျှိုနှစ်ယောက်ဟာ ရာခပ်အိမ်မှာ တည်းနေကြတယ်။ အိမ်မိုးပေါ်က အပင်အောက်မှာဖွက်ထားပေးတယ်။ ဘုရားသခင်ဟာ ကောင်းကင်နဲ့မြေကြီးကိုပိုင်တဲ့ဘုရားလို့ ရာခပ်ယုံကြည်တယ်။

၃) သူလျှိုတွေကိုတွေ့မိလားလို့ ရာခပ်ကိုဘုရင်ကမေးတယ်။ ဣသရေလလူမျိုးတွေအတွက် သူတို့ဘုရားသခင်က နမိတ်လက္ခဏာနဲ့ ပို့ဆောင်ပေးခဲ့တာကို သူသိတယ်။ ဘာဆက်ဖြစ်လာမလဲလို့ သူတွေးကြောက်နေတယ်။

၄) ရာခပ်က သူတို့ကိုတွေ့ခဲ့ကြောင်းနဲ့ သူတို့ဘယ်ကလာပြီး ဘယ်ကိုသွားမလဲဆိုတာမသိကြောင်း၊ ထွက်သွားကြပြီဖြစ်ကြောင်း ပြောပြတယ်။

၅) ဣသရေလလူမျိုးတွေ ယေရိခေါမြို့ကိုသိမ်းပိုက်တဲ့အခါ သူ့မိသားစုကိုကယ်တင်ပေးဖို့ သူလျှိုနှစ်ယောက်ကို ရာခပ်ကတောင်းဆို တယ်။ ဘာလို့လည်းဆိုတော့ ရာခပ်ကသူတို့ကိုကယ်တင်ပေးခဲ့သလို သူတို့ကလည်းသူမရဲ့မိသားစုကိုပြန်ကယ်တင်ပေးဖို့ပြောတဲ့အခါ သူလျှိုတွေကလည်း ကယ်တင်ဖို့ကတိပေးပါတယ်။

### မေးခွန်းများ

၁) မောရှေသေပြီးနောက်၊ ဣသရေလလူမျိုးတွေကို ကတိတော်မြေဆီဦးဆောင်သွားဖို့ ဘုရားသခင်ကဘယ်သူ့ကိုစေခိုင်းသလဲ?

၂) သူလျှိုနှစ်ယောက်ဟာ ယေရိခေါမြို့ကိုစူးစမ်းဖို့သွားတဲ့အခါ ဘယ်သူနဲ့သူတို့ရှိနေသလဲ?

၃) ဘုရင်က သူလျှိုတွေအကြောင်းမေးတဲ့အခါ ရာခပ်ကဘယ်လိုပြန်ဖြေခဲ့သလဲ?

၄) ယေရိခေါမြို့ကိုသိမ်းဖို့လာတဲ့အခါ ဘာပြန်လုပ်ပေးဖို့သူလျှိုတွေဆီမှာ ရာခပ်တောင်းဆိုသလဲ?

### အဖြေများ

၁) မောရှေသေပြီးနောက်၊ ဣသရေလလူမျိုးတွေကိုဦးဆောင်ဖို့ ဘုရားသခင်က ယောရှုကိုပြောခဲ့ပါတယ်။

၂) သူလျှိုနှစ်ယောက်ဟာ ရာခပ်လို့ခေါ်တဲ့အမျိုးသမီးရဲ့အိမ်မှာ ရှိနေခဲ့ပါတယ်။

၃) သူလျှိုတွေဟာ သူ့အိမ်မှာရှိနေခဲ့ပေမယ့် မြို့ထဲကိုထွက်သွားပြီလို့ ရာခပ်ကဘုရင်ကိုပြန်ပြောပြပါတယ်။

၄) သူမနဲ့သူမရဲ့မိသားစုကို ကယ်တင်ဖို့သူလျှိုတွေကို ရာခပ်ကပြောပါတယ်။



Kids of Destiny®
Reaching the Next Generation

www.kidsofdestiny.org